# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 28, 2020 Volume 31, Number 18


| ၂၈.၅.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၈ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၇၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၅/- ကျပ် |
| CBM Rate | = ၁၄၀၄.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၉.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၁.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၂.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၇.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၂၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၃၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၇၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကုန်သွယ်ရေးဦးစီးဌာနက အွန်လိုင်းမှ ပို့ကုန်သွင်းကုန်လိုင်စင် ပါမစ်လျှောက်ထားထုတ်ပေးခွင့်ပြုမည့်ကုန်ပစ္စည်း HS Line များ ထုတ်ပြန်ထားပြီး အကျုံးဝင်သည့် ကုန်စည်များသာလျှောက်ထားနိုင်မည်

ကုန်သွယ်ရေးဦးစီးဌာနက အွန်လိုင်းမှ ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ် လျှောက်ထားထုတ်ပေးခွင့်ပြုမည့်ကုန်ပစ္စည်း HS Line များ ထုတ်ပြန်ထားပြီး ယင်း HS Line အတွင်း အကျုံးဝင်သည့် ကုန်စည်များသာ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ Fully Online စနစ်တွင် အဆိုပါ HS Line များအတိုင်း အကျုံးဝင်သည့် ကုန်ပစ္စည်းများကိုသာ လျှောက်ထား နိုင်မည်ဖြစ်ကြောင်း၊ လိုင်စင် Application ပါ အချက်အလက်များ ဖြည့်သွင်းရမည် ဖြစ်ပြီး သက်ဆိုင်ရာလျှောက်ထားမည့်လိုင်စင်၏ Invoice နှင့် ထောက်ခံချက် လိုအပ် သည့် လိုင်စင်များအတွက် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ကို PDF Format ဖြင့် ပူးတွဲတင်ပြရမည်ဖြစ်ပြီး မှန်ကန်မှု ရှိ၊ မရှိ သက်ဆိုင်ရာထုတ်ပေးဌာနနှင့် ပြန်လည် စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းအတွက် လိုအပ်သည့် အချက်အလက် များနှင့် စနစ်အသုံးပြုပုံကို လျှောက်ထားမည့် Website ၌ တင်ပြထားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်မှ ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် လိုင်စင်လျှောက်ထားမှု အခြေအနေကို သက်ဆိုင်ရာ လုပ်ငန်းရှင်၏ Deskbard တွင် အချိန်နှင့်တစ်ပြေးညီ တွေ့ရှိနိုင်မည် ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှသိရသည်။

COVID – 19 ဖြစ်ပေါ်ချိန်တွင် ရုံးဌာနအတွင်း လူစုလူဝေးများလျော့ကျစေရန် ဆေးပစ္စည်းအုပ်စု၊ ပြည်ပမှတင်သွင်းနေသည့် စားသောက်ကုန်များ၊ စားသုံးဆီ၊ စက်သုံးဆီစသည့်ကုန်စည်များအတွက် လိုင်စင်လျှောက်ထားမှုကို ဧပြီ ၁ ရက်ကစ၍ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှသိရသည်။ အဆိုပါ ကုန်စည်အမျိုးအစား အုပ်စုလေးခုအတွက် Over Sea (ပင်လယ်ရေကြောင်း) မှတင်သွင်းရန် လိုင်စင်လျှောက်ထားခြင်းတို့အတွက် အွန်လိုင်း စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေး၌လည်း ရုံးချုပ်မှ လိုင်စင် လျှောက်ထားရန်လိုအပ်သည့် ကုန်စည်များကိုလည်း အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက် သွားမည်ဖြစ်သည်။ “COVID – 19 ဖြစ်နေတဲ့အချိန်မှာ အွန်လိုင်းမပေးရသေးတဲ့ အမည်တွေကို စဉ်းစားတာပေါ့။ အခုဆိုရင် ဆေးပစ္စည်းအုပ်စု ဒါက တစ်အုပ်စု ဖြစ်သွားမှာ။ နောက်တစ်ခုက စားသုံးဆီအုပ်စု၊ စက်သုံးဆီအုပ်စု၊ ပြည်ပကသွင်းရတဲ့ အစားအသောက်အုပ်စုတွေ အဲဒါတွေကို ကျွန်တော်တို့က အွန်လိုင်းနဲ့ ဧပြီ ၁ ရက်နေ့က စပြီးလုပ်ပေးမယ်။ အဲဒါတွေ လျှောက်ရမယ့်သူတွေက ကျွန်တော်တို့ဆီ မလာရတော့ ဘူးပေါ့။ လူတွေကိုလည်း ကျွန်တော်တို့ လျှော့ချပြီးသားဖြစ်တယ်” ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်

ဦးမင်းမင်းကပြောကြားခဲ့သည်။ COVID – 19 အရေးပေါ်ကာလအတွင်း ပို့ကုန်သွင်းကုန်လိုင်စင်များ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားခွင့်ပြုထားသည့် ကုန်ပစ္စည်းအမည်များကို လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး ထပ်မံတိုးမြှင့်ထုတ်ပေးမည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/175797

## စားနပ်ရိက္ခာအတွက် သုံးပတ်ကျော်အတွင်း ဆန်တန်ချိန်နှစ်သောင်း သိုလှောင်ထားဟုဆို



နိုင်ငံတော် စားနပ်ရိက္ခာအတွက် အချိန်သုံးပတ်ကျော်အတွင်း ဆန်တန်ချိန် နှစ်သောင်းခန့် ဝယ်ယူစုဆောင်းထားနိုင်ပြီဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ အရန်ဆန်အဖြစ် ဝယ်ယူထားသောဆန်များကို ရေရှည်သိုလှောင်ထားနိုင်သော ပုဂ္ဂလိက ဂိုဒေါင်များတွင် ဆန်တစ်အိတ်လျှင် တစ်လ ကျပ် ၁၀၀ ဖြင့် ငှားရမ်းထား ရှိသည်ဟု ၎င်းကဆိုသည်။ အစိုးရပိုင် ဂိုဒေါင်များတွင်လည်း လိုအပ်ချက် များ ဖြည့်ဆည်းပြီးနောက် သိုလှောင်ထားရှိရန် စီစဉ်နေသည်ဟု ဦးရဲမင်းအောင်ကပြောသည်။ “ဂိုဒေါင်ငှားခကို မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ကပဲ ကျခံသုံးစွဲထားပါတယ်” ဟု ဦးရဲမင်းအောင်ကပြောသည်။ အရန်ဆန်အဖြစ် ဝယ်ယူသိုလှောင်သည့်ဆန်များကို ပြည်ပတင်ပို့နေသည့် ဆန်တစ်အိတ်လျှင် ကျပ် ၂၁,၆၀၀ ဈေး ဖွင့်ဝယ်ယူခြင်းဖြစ်သည်။ CO-VID-19 ရောဂါ ဖြစ်ပွားနေချိန်အတွင်း နိုင်ငံစားနပ်ရိက္ခာ ပြတ်လပ်မှုမရှိစေရန် အစိုးရက ဆန်တန်ချိန် ငါးသောင်းနှင့် စားအုန်းဆီတန်ချိန် ၁၂,၀၀၀ ကို ဝယ်ယူစုဆောင်းနေသည်။

နိုင်ငံတော်စားနပ်ရိက္ခာအတွက် ကျပ် ၃၈ ဘီလီယံသုံးစွဲပြီး စားသောက်ကုန်နှစ်မျိုး ဝယ်ယူစုဆောင်းခြင်းဖြစ်ကာ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းဈေးကွက် မထိခိုက်စေရန်စီစဉ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ ဆန်ဝယ်ယူခြင်းကလည်း ပြည်ပဈေးကွက်တင်ပို့ခွင့်ပြုနိုင်မည့် အစီအစဉ်များဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပြည်ပသို့ ဆန်အိတ် ၂၀ (ဆန်တစ်တန်)တင်ပို့လျှင် အစိုးရကို ဆန်နှစ်အိတ် ရောင်းချပေးရမည့် အစီအစဉ်ဖြစ်သည်။ အဆိုပါဆန်များကို အစိုးရက သိုလှောင်ရုံများတွင် စနစ်တကျထားရှိပြီးနောက် လိုအပ်ချိန်တွင် ပြည်သူများအား စားနပ်ရိက္ခာဖြန့်ဝေပေးသွားမည်ဖြစ်သည်။ ဝယ်ယူစုဆောင်းထားသော စားနပ်ရိက္ခာ ပမာဏသည် ပြည်တွင်း၌ အကျပ်အတည်းဖြစ်ချိန်တွင် နှစ်ပတ်စာရိက္ခာအဖြစ်လုံလောက်မှုရှိကြောင်း စီးပွားကူးသန်း ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောထားသည်။

**Source: https://7day.news/detail?id=187128**

## ပို့ကုန်မြှင့်တင်ရေး အကောင်အထည်ဖော်မည့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ တွင် ဦးစားပေးကဏ္ဍ ငါးမျိုး၊ ဝန်ဆောင်မှု တစ်မျိုး၊ ဖွံ့ဖြိုးရန် အလားအလာရှိသော ကဏ္ဍတစ်မျိုး၊ ဦးစားပေးကဏ္ဍများကို အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလေးမျိုးတို့ကို ရွေးချယ်ထား

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်မြှင့်တင်ရေး အကောင်အထည်ဖော်မည့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ တွင် ဦးစားပေးကဏ္ဍငါးမျိုး၊ ဝန်ဆောင်မှုတစ်မျိုး၊ ဖွံ့ဖြိုးရန်အလားအလာရှိသော ကဏ္ဍတစ်မျိုး၊ ဦးစားပေးကဏ္ဍများကို အထောက် အကူပြု ဝန်ဆောင်မှုလုပ်ငန်းလေးမျိုးတို့ကို ရွေးချယ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀- ၂၀၂၅ ဦးစားပေးကဏ္ဍများအတွက် မဟာဗျူဟာများရေးဆွဲရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသခံအကျိုးတူူပူးပေါင်း ဆောင်ရွက်သူများ၏အမြင်များကို ထည့်သွင်း ရေးဆွဲမည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ သည် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်များနှင့် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရေးအတွက် အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း လုပ်ဆောင်နိုင်မည့် အခွင့်အရေးတစ်ခုဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောကြားသည်။ "NES ၂၀၂၀-၂၀၂၅ ဟာ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်များနဲ့ အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရေးအတွက် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကကဏ္ဍတို့ အတူတကွ ပူးပေါင်းလုပ်ဆောင် လာနိုင်မည့် အခွင့်အရေးတစ်ခုပင် ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝှမ်းလုံးမှ အာရှတိုက်ကိုအာရုံစိုက်လာခြင်းသည်လည်း မြန်မာနိုင်ငံအတွက် အခွင့်အရေးအသစ်တွေနဲ့ စိန်ခေါ်မှုတွေကို ဖြစ်ပေါ်စေပါတယ်။ NES ကို အကောင်အထည်ဖော်ခြင်းအားဖြင့် မြန်မာနိုင်ငံမှ ကမ္ဘာကြီး၏ တန်ဖိုးမြင့်တင်မှု ကွင်းဆက်တွင်ပါဝင်နိုင်ရန် နည်းလမ်းအဖြေများ ဖော်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးကပြောကြားသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀- ၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့် လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ် ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေး စီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍစသည်တို့လည်းပါဝင်သည်။ "အစိုးရဌာနများနဲ့ ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းပါဝင်တဲ့ NES ဆွေးနွေးပွဲများဟာ အစိုးရဌာနဆိုင်ရာများနဲ့ သက်ဆိုင်ရာကဏ္ဍဆိုင်ရာ အရေးကိစ္စများကိုဆွေးနွေးရန် ပုဂ္ဂလိက စီးပွားရေးကဏ္ဍများအတွက် အခွင့်အရေးတစ်ခုပင် ဖြစ်ပါတယ်။ ဒီလက်တွေ့ကျတဲ့ ချဉ်းကပ်မှုပုံစံဟာ အသေးစားနဲ့အလတ်စားလုပ်ငန်းများကို ကမ္ဘာ့ဈေးကွက်တွင် အချိန်တိုအတွင်း ကောင်းမွန်စွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အားလုံးပါဝင်သဘောတူတဲ့ မျှော်မှန်းချက်တစ်ခုကို ချမှတ်ဖော်ဆောင်နိုင်စေမှာ ဖြစ်ပါတယ်" ဟု ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ ၏ အဓိကရည်ရွယ်ချက်မှာ တန်ဖိုးမြင့်ကုန်ပစ္စည်းထုတ်လုပ်ရောင်းချခြင်းများ၊ ဈေးကွက်၌ ပိုမိုနေရာရစေမည့် လယ်ယာစိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုများပါဝင်သည့် တင်ပို့ကုန်အမျိုးအစားများအမျိုးမျိုးကို ဖြစ်ပေါ်စေရေးဖြစ်ကြောင်းသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သည်စက်မှုအသင်းချုပ်နှင့်ပူးပေါင်းပြီး နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာနမှနည်းပညာအကူအညီဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကို ဒီဇိုင်းရေးဆွဲရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပွဲများ ဆောင်ရွက် သွားမည်ဖြစ်သည်။

**Source: https://news-eleven.com/article/175800**

## မဟာအောင်မြေ ကျောက်မျက်ရောင်းဝယ်ရေးစခန်း ဇွန် ၆ ရက်နေ့ ပြန်ဖွင့်နိုင်ရန်ဆောင်ရွက်မည်



မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်းရှိ အထက်မြန်မာပြည်၏ အကြီးမားဆုံး ကျောက်မျက်ရောင်းဝယ်ရေးစခန်း ဖြစ်သောမဟာအောင်မြေကျောက်မျက်ရောင်းဝယ်ရေးစခန်း( ကျောက်ဝိုင်း) အား COVID-19 ကာလအတွင်း ယာယီပိတ်သိမ်းထားရာ လာမည့် ဇွန် ၆ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ကျောက်ဝိုင်းအား မှီခိုလုပ်ကိုင်နေသည့် အခြေခံကျောက်သမားများ၏ စားဝတ်နေရေးအခက်အခဲများအား ပြန်လည်အဆင်ပြေစေရန်အတွက်ရည်ရွယ်ကာ ကျောက်ဝိုင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တိုင်းအစိုးရအား မေ ၂၈ ရက် (ယနေ့) တွင် တင်ပြသွားမည်ဖြစ်ကြောင်း ကျောက်ဝိုင်းအကျိုးတော်ဆောင်ကော်မတီအတွင်းရေးမှူး ဦးမျိုးမြင့်နိုင်ကပြောသည်။ "ကျွန်တော်တို့ အစည်းအဝေးလုပ်ကြတာပေါ့။ ဇွန်လ ၅ ရက်နေ့က လပြည့်နေ့

ဖြစ်နေတဲ့အတွက် ၆ ရက်နေ့ကို ပြန်ဖွင့်ပေးဖို့ လုပ်နေတယ် မေ ၂၈ ရက်ကို အစိုးရကို တင်ပြသွားဖို့ရှိတယ်” ဟု ၎င်းက ပြောသည်။ ကျောက်ဝိုင်းအား အဝင်အထွက်ပြုလုပ်နေသူများအား မိမိတို့လုပ်ကိုင်သည့် အမျိုးအစားအလိုက် ဝင်ခွင့်ကတ်များ လုပ်ဆောင်ရမည့်ဖြစ်ကာ မေ ၂၉ ရက်နေ့မှ စတင်လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ဦးမျိုးမြင့်နိုင်ကပြောသည်။

ကျောက်ဝိုင်းအား ပြန်ဖွင့်မည်ဆိုပါကာ နံနက် ၅ နာရီမှ နံနက် ၉ နာရီ အထိတွင် အခင်းဝိုင်းနှင့်လွှာချပ်ဝိုင်း ကျောက်သမားများအတွက်လည်းကောင်း၊ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အပွင့်လိုင်းများအတွက်လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိကို လက်ကောက်ဝိုင်းနှင့် ဖြတ်သွေးအလွှာသမားများအတွက်လည်းကောင်း အချိန်ခွဲခြားဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းသိရသည်။ “ မဖွင့်ခင်ကိုလည်း ကျောက်ဝိုင်းအတွင်း ဆေးဖျန်းတာတွေလုပ်မယ်နောက် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဝင်ပေါက်တွေမှာ လက်ဆေးဖို့လိုနေရာတွေနဲ့ နှာခေါင်းစည်းမတပ်ဘူးဆိုရင်လည်း လွယ်လင့်တကူဝယ်နိုင်အောင် ဆောင်ရွက်ပေးထားမယ် ”ဟု ကိုမျိုးမြင့်နိုင်ကပြောသည်။ ကျောက်ဝိုင်းအတွင်း ဖွင့်လှစ်ရောင်းချနေသည့် အစားအသောက်ရောင်းချသည့်ဆိုင်များအား ပါဆယ်စနစ်ဖြင့်သာ ရောင်းချမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာရန်လိုအပ်ပြီး ပထမအကြိမ်ပျက်ကွက်ပါကာ အသိပေးမည်ဖြစ်ကာ ဒုတိယအကြိမ်ပျက်ကွက်ပါကာ ထုတ်ပေးထားသည့် ဝင်ခွင့်ကဒ်များ ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကိုရိုနာဗိုင်းရပ်ကူးစက်မှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျောက်ဝိုင်းအား မတ် ၂၆ ရက်နေ့မှစတင်ကာ ပိတ်သိမ်းထားရန်ညွှန်ကြားခဲ့သော်လည်း မတ် ၂၄ ရက်နေ့ကတည်းက ကျောက်ဝိုင်းအား ယာယီပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။ “ လုပ်ငန်းတွေ အကုန်လုံးလည်း ပြန်လုပ်နေကြပြီးဆိုတော့ ကျောက်ဝိုင်းပြန်ဖွင့်ပေးမယ်ဆိုရင်တော့ ကောင်းတာပေ့ါ ။ လူတွေက ကျောက်သမားဆိုရင် သူဌေးလိုထင်ကြတာ တကယ်တော့ အဆင်မပြေကြတဲ့ ကျောက်သမားတွေ အများကြီးရှိတယ်။ စနစ်တကျနဲ့ လုပ်ပေးထားမယ်ဆိုရင် ပြန်ဖွင့်ခွင့်ပေးစေချင်တယ်။ မန္တလေးမှာက ကျောက်ဝိုင်းကို မှီခိုလုပ်ကိုင်သူကများပါတယ် ” ဟု ချမ်းမြသာစည်မြို့နယ်မှ ကျောက်အရောင်း အဝယ်သမား ကိုဝေယံကပြောသည်။

**Source: https://myanmar.mmtimes.com/news/139680.html**

## မုံရွာတွင် ပဲတီစိမ်းပေါ်ချိန် ဈေးကွက်ရသဖြင့် အရောင်းသွက်နေ



မုံရွာမြို့တွင် ပဲတီစိမ်းပေါ်ချိန် ဈေးကွက်ရရှိသဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရသည်။ ပဲတီစိမ်းလှိုင်လှိုင်ပေါ်ချိန်ဖြစ်သဖြင့် မုံရွာမြို့ကုန်သည်၊ ပွဲစား၊ စက်ပိုင်များထံသို့ နေ့စဉ်ပဲတီစိမ်းအိတ် ၃၀၀၀ ခန့်ဝင်ရောက်နေပြီး တရုတ်နှင့်အိန္ဒိယနိုင်ငံများသို့ နေ့စဉ် ပဲတီစိမ်းအိတ် ၂၀၀၀ နှင့် ၃၀၀၀ ကြား ပြန်လည်ရောင်းချနေရကြောင်း မုံရွာကုန်စည်ဒိုင်အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးထံမှသိရသည်။ "ပဲတီစိမ်းက မုံရွာကုန်စည်ဒိုင်ကို တစ်ရက် အိတ် ၃၀၀၀ လောက် ဝင်တယ်။ ဈေးကပုံမှန်ပဲ။ ဈေးက ကျပ် ၃၆,၀၀၀ နဲ့ ကျပ် ၃၇,၀၀၀ ကြားမှာပဲ လည်နေတယ်။ တရုတ်က နည်းနည်းဝယ်တယ်။ အိန္ဒိယက နည်းနည်းပါးပါးဝယ်တယ်။ မုံရွာကုန်သည်တွေကတော့ရောင်းနိုင်ပါတယ်။ မုံရွာမှာရှိတဲ့ ကိုယ်စားလှယ်ကနေဝယ်ယူပြီး တရုတ်နဲ့ အိန္ဒိယကဝယ်လက်တွေဆီပို့ပါတယ်။ တရုတ်ပို့ရမယ်ဆို မန္တလေးကပို့ပြီး အိန္ဒိယဆိုရင် ရန်ကုန်ကနေ သွားပါတယ်။ မုံရွာကနေဆိုရင် နေ့စဉ်အိတ် ၂၀၀၀ နဲ့ ၃၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေပါတယ်။ မုံရွာဒေသအနေနဲ့ စံချိန်ပြည့်မီအောင် မရောင်းနိုင်ပေမယ့် ရွှေဘို၊ ပခုက္ကူ၊ ရောဝတီတိုင်းစတာတွေကထွက်တဲ့ ပဲတီစိမ်းတွေပါ ချိတ်ဆက်လုပ်ရင် အမှာရှိသလောက် ရောင်းပေးနိုင်ပါတယ်"ဟု ဦးဇော်မိုးကပြောသည်။

ထို့ပြင် မုံရွာဈေးကွက်သို့ မြေပဲဆန် အနီ၊ အဖြူ၊ ပဲတီစိမ်း၊ ရေသွင်းနှမ်းများ မုံရွာဝင်ရောက်နေပြီး လက်ရှိပဲတီစိမ်း ဈေးသည် ကျပ် ၃၆,၀၀၀ နှင့် ၃၇,၀၀၀ ကြားရှိကာ မြေပဲဆန်တစ်ပိဿာ ကျပ် ၃,၀၀၀ နှင့် ၃,၂၀၀ ကြားခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ "ပဲစင်းငုံတို့ကုလားပဲတို့ကတော့ ရောင်းအဝယ်ဖြစ်တော့ဖြစ်တယ်။ လက်ရှိပေါ်တာမဟုတ်ဘူး။

ပေါ်တာကြာပြီဆိုတော့ အခုမှဈေးကြိုက်လို့ ဝင်ရောင်းတာရှိမယ်။ လိုအပ်လို့ရောင်းတာရှိတယ်။ အများဆုံးက ပဲတီစိမ်းက အသစ်ပေါ်နေတော့ နေ့စဉ်အိတ်ထောင်နဲ့ချီ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု မုံရွာမြို့မှ ပဲကုန်သည် ဦးတင်ကိုကပြောသည်။ ပြီးခဲ့သည့်ရက်ပိုင်းက ကျဆင်းနေသော ပဲတီစိမ်းဈေးသည် တရုတ်နိုင်ငံက ဝယ်လိုအားမြင့်တက်လာသဖြင့် မေ ၂၀ ရက်၌ ပြန်လည်မြင့်တက်သွားကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/139682.html

## အစိုးရချင်းသဘောတူညီမှုဖြင့် ဖိလစ်ပိုင်သို့ဆန်ရောင်းရန်ညှိနှိုင်းနေ

အစိုးရချင်း သဘောတူညီမှုဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ တင်ဒါစနစ်ဖြင့် ဆန်ရောင်းချရန် ညှိနှိုင်း ဆွေးနွေးနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲ မင်းအောင်ကပြောသည်။ ပြီးခဲ့သည့် ရက်ပိုင်းက ကန်ဒေါ်လာ ၁၄၇ သန်းကျော် သုံးစွဲပြီး ပြည်ပမှ ဆန်တန်ချိန်သုံးသိန်းကို တင်ဒါစနစ်ဖြင့်တင်သွင်းမည်ဟု ဖိလစ်ပိုင်အစိုးရက ဆန်တင်ပို့နေသည့်နိုင်ငံများကို ဖိတ်ခေါ်ထားသည်။ အကျိုးအကြေ ၂၅ ရာခိုင်နှုန်း (၂၅ မှတ်) ဆန်အမျိုးအစားများကို တင်ဒါအောင်မြင်သည့် နိုင်ငံများက ဖိလစ်ပိုင်နိုင်ငံရှိ မနီလာ၊ ဒါဗာအိုအပါအဝင် မြို့တော်များအရောက် တင်ပို့ပေးရမည်ဖြစ်သည်။ မြို့အရောက် ပို့ဆောင်ပေးရမည့် တန်ချိန်ပမာဏနှင့် အချိန်သတ်မှတ်ချက်ကိုလည်း ဖိလစ်ပိုင်အစိုးရက အသိပေးထားသည်။ ''ကျွန်တော်တို့လည်း တင်ဒါတင်မယ်။ ပမာဏ ဘယ်လောက်ဆိုတာတော့ ညှိနှိုင်းဆဲပဲ''ဟု ဦးရဲမင်းအောင်ကပြောသည်။ ပြီးခဲ့သည့်နှစ်ကလည်း ဖိလစ်ပိုင်ဆန်တင်ဒါကို မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ပြီး တန်ချိန် သောင်းဂဏန်း တင်ပို့နိုင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံအဖွဲ့အတွင်း ပြည်ပမှ ဆန်တန်ချိန် တစ်သန်းကျော်ကို နှစ်စဉ်တင်သွင်းနေရသည်။ ယခင်က ဖိလစ်ပိုင်နိုင်ငံသို့ ဗီယက်နမ်၊ ထိုင်းစသောနိုင်ငံများက အဓိက ဆန်တင်သွင်းရောင်းချသည်။ ယင်းနိုင်ငံများသည် အာဆီယံ အဖွဲ့အတွင်း ဆန်အများဆုံးတင်ပို့နေသောနိုင်ငံများဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့အတွင်း ဆန်တင်သွင်းနေရသည့် ဖိလစ်ပိုင်နိုင်ငံအပြင် မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ဈေးကွက်အသစ်များကိုလည်း ရရှိထားသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။

လက်ရှိ နိုင်ငံတကာဈေးကွက်တွင် ထိုင်းဆန် ၂၅ မှတ် တစ်တန်လျှင် ၄၆၅ ဒေါ်လာ၊ ဗီယက်နမ် ၂၅ မှတ်ဆန် တစ်တန်လျှင် ၄၃၂ ဒေါ်လာ၊ အိန္ဒိယ ၂၅ မှတ်ဆန်တစ်တန်လျှင် ဒေါ်လာ ၃၈၀၊ မြန်မာ ၂၅ မှတ် ဆန်တစ်တန်လျှင် ၃၆၄ ဒေါ်လာ ဈေးဖွင့်သည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့ထားသည့် ပမာဏသည် ခုနစ်လကျော်အချိန်အတွင်း တန်ချိန် ၁ ဒသမ ၉ သန်း ကျော်ရှိသည်။ ပြည်ပ ဆန်တင်ပို့မှုတွင် တရုတ်၊ အာဆီယံ၊ အာဖရိက နိုင်ငံများနှင့် ဥရောပနိုင်ငံများကို ပင်လယ်ရေကြောင်း ကုန်သွယ် ရေးဖြင့် ၈၅ ရာခိုင်နှုန်း တင်ပို့ထားပြီး နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ၁၅ ရာခိုင်နှုန်း တင်ပို့ထားသည်။

**Source:** https://7day.news/detail?id=187216

## အစိုးရသက်တမ်း လေးနှစ်တာအတွင်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၁၆၀ ကျော် ခွင့်ပြုနိုင်ခဲ့ပြီး စုစုပေါင်းပမာဏ၏ သုည ရာခိုင်နှုန်းအောက်သာဆက်ရှိနေ



အစိုးရသက်တမ်း လေးနှစ်တာအတွင်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၁၆၀ ကျော် ခွင့်ပြုပေးနိုင်ခဲ့ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၏ သုညရာခိုင်နှုန်းအောက်၌သာ ဆက်ရှိနေကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ လက်ရှိအချိန်အထိ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၆၄ ဒသမ ၂၅၄ သန်းရှိ လုပ်ငန်းပေါင်း ၁၅ ခု ခွင့်ပြုထားသည်။ ပြီးခဲ့သည့် ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ ၂၇

နှစ်အတွင်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ သန်း ၂၅၀ နီးပါးရှိ လုပ်ငန်းပေါင်း ၁၉ ခုသာ ခွင့်ပြုထားသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ၏ သုည ဒသမ ၃၉ ရာခိုင်နှုန်းသာရှိသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ နှစ်ပေါင်း ၃၀ ကျော်အတွင်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၆ ဒသမ ၃၆၃ ဘီလျံအထိ ခွင့်ပြုပေးထားသည်။ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ၏ သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ သိရသည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍကြီး ၁၂ ခုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အဓိကခွင့်ပြုပေးထားခြင်းဖြစ်သည်။ ယင်းစီးပွားရေးကဏ္ဍများအနက် အစဉ်လိုက်အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ၂၆ ရာခိုင်နှုန်းကျော်၊ လျှပ်စစ်ကဏ္ဍတွင် ၂၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၁၄ ရာခိုင်နှုန်းကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ၁၃ ရာခိုင်နှုန်းကျော်၊ အိမ်ခြံမြေကဏ္ဍတွင် ခုနစ်ရာခိုင်နှုန်းကျော်၊ သတ္တုတွင်းထွက်ကဏ္ဍတွင် သုံးရာခိုင်နှုန်းကျော်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် သုံးရာခိုင်နှုန်းကျော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် တစ်ရာခိုင်နှုန်းနီးပါး၊ စိုက်ပျိုးရေးကဏ္ဍတွင် သုည ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုဇုန်ကဏ္ဍ သုည ဒသမ ၃၈ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် သုည ဒသမ ၀၄ ရာခိုင်နှုန်းနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် သုံးရာခိုင်နှုန်းကျော်စသည်ဖြင့် အသီးသီးဝင်ရောက်ထားသည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံ၌ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၈၅ ဒသမ ၁၆၇ ဘီလျံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၀၀၀ နီးပါးအထိ လာရောက် ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။

ယင်းအနက် စင်ကာပူနိုင်ငံမှ ရင်းနှီး မြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၃ ဘီလျံကျော်ရှိ လုပ်ငန်းပေါင်း ၃၂၅ ခုအထိ လာရောက်ရင်းနှီးမြှုပ်နှံထားသည်။ စုစုပေါင်းပမာဏ၏ ၂၇ ရာခိုင်နှုန်းကျော်ရှိပြီး အများဆုံးရင်းနှီး မြှုပ်နှံထားခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၁ ဘီလျံကျော်တန်ဖိုးရှိ လုပ်ငန်းပေါင်း ၄၇၀ ကျော် လာရောက် ရင်းနှီးမြှုပ်နှံထားသည်။ စုစုပေါင်းပမာဏ၏ ၂၅ ရာခိုင်နှုန်းရှိပြီး ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၁၁ ဘီလျံကျော်ရှိပြီး အများဆုံး ရင်းနှီးမြှုပ်နှံထားသော နိုင်ငံများအဆင့်၌ အဆင့် (၃) တွင်ရှိသည်။ ဟောင်ကောင်၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာတစ်ဘီလျံခန့်ရှိပြီး အဆင့် (၄) နေရာတွင်ရှိသည်။ ဗြိတိန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာသန်း ၄၉၀ ကျော်ရှိပြီး အဆင့် (၅) နေရာတွင်ရှိသည်။ ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် (၆)၊ ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် (၇)၊ မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် (၈) ၊ နယ်သာလန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် (၉)၊ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့် (၁၀) စသည်ဖြင့် အသီးသီး လာရောက် ရင်းနှီးမြှုပ်နှံထားသည်။

**Source:** https://news-eleven.com/article/175799

## ရေနံချောင်း၌ ထိုင်ဝမ်ပြောင်းများ အောင်မြင်ဖြစ်ထွန်း အသစ်ပေါ်ချိန် ဈေးကောင်းရရန်မျှော်လင့်



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ထိုင်ဝမ်ပြောင်းဖူးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တောင်သူများထံမှသိရသည်။ "မြေအောက်ကနေ အဝီစိရေနဲ့စိုက်တဲ့ ထိုင်ဝမ်ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ မိုးအနည်းငယ်ရွာတဲ့အတွက် ရေသွင်းစရိတ်အကုန်အကျနည်းတယ်။ တောင်သူတွေအတွက် အပိုဝင်ငွေရတဲ့ စိုက်ပျိုးရေးမို့ တောင်သူများက အဓိကစိုက်ကြပါတယ်"ဟု တောင်သူကိုလှဝင်းကပြောသည်။

ဆောင်းရာသီနှင့် မိုးရာသီတို့တွင် အဓိကထားကာ ထိုင်ဝမ်ပြောင်းကို စိုက်ကြပြီး ဖေဖော်ဝါရီလက ထိုင်ဝမ်ပြောင်းဖူး ၁၀၀လျှင် ကျပ် ၂၀၀၀၀ ဝန်းကျင် ရောင်းရ၍ တောင်သူများ တွက်ချေကိုက်ကြောင်းသိရသည်။ ယခုထိုင်ဝမ်ပြောင်းများသည် ဇွန်လ လယ် တွင် ဖြိုင်ဖြိုင်ဝင်ရောက်မည်ဖြစ်ကာ ဈေးကောင်းရရန် မျှော်လင့်နေကြသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## မြင်းမူမြို့နယ် ကြော့မင်းကျေးရွာမှ ဂျုံရိုးခမောက်ချုပ်လုပ်ငန်းအောင်မြင်မှုရရှိနေ




စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ် ကြော့မင်းကျေးရွာတွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဂျုံနှံမှရရှိသည့် ဂျုံရိုးဖြင့်ချုပ်လုပ်သော ဂျုံရိုးဦးထုတ်များ စျေးကွက်တွင် ဖြန့်ချီရောင်းချနိုင်လျှက်ရှိရာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိသည့်အပြင် မိသားစုစားဝတ်နေရေးအတွက် များစွာအထောက်အကူပြုလျှက်ရှိကြောင်းသိရသည်။

ဂျုံရိုးဦးထုတ်ချုပ်လုပ်ရာတွင် အကြမ်းအားဖြင့်ဂျုံရိုးဖြင့် ထိုးထားသည့်ကြိုးခွေပေအား ဖြင့်(၃၂၅)ပေနှင့် (၅၂၅)ပေအရှည်ကိုအသုံးပြုရကြောင်း၊ ကြိုးခွေ(၂)ခွေလျှင် ဦးထုတ်(၂)လုံးချုပ်လုပ်နိုင်ကြောင်း ကြိုးတစ်ခွေလျှင်ငွေကျပ်(၅၀၀)မှ (၇၀၀)ထိစျေးရှိကြောင်း၊ ကြိုးများကို မိမိတို့ကျေးရွာမှာပင်ရရှိသည့်အတွက် ကြိုးထိုးသူများလည်း ပုံမှန်ဝင်ငွေရရှိစေကြောင်း၊ ဦးထုတ်စျေးများလည်း အမျိုးမျိုးရှိကြောင်း၊ ပုံမှန်ချုပ်လုပ်နေသည့် ဦးထုတ်များအပြင် အနယ်နယ်အရပ်ရပ်မှ သီးခြားမှာယူသည်များရှိကြောင်း၊ဦးထုပ်များကို ရန်ကုန်၊မန္တလေးနှင့် အခြားမြို့ကြီးများ၊ အနယ်နယ် အရပ်ရပ်မှ ဧည့်သည်များလာရောက်ဆေးကုသသည့် ထီးဆောင်းမျက်စိဆေးရုံသို့လည်းကောင်း ၊ရှမ်းတိုင်းရင်းသားရိုးရာပွဲကျင်းပလျှက်ရှိသည့် တောင်ကြီးမြို့မှလည်း အော်ဒါမှာယူခြင်းများလည်းရှိကြောင်း၊ ဦးထုပ်ကိုပုံစံဒီဇိုင်းအမျိုးမျိုးချုပ်လုပ်၍ ဖြန့်ချီပေးပါကြောင်း ဂျုံရိုးဦးထုပ်ချုပ်လုပ်ဖြန့်ချီနေသူ ပိုင်ရှင်ဦးသန်းဝင်းစိုးထံမှသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## အဝတ်အထည်၊ အသီးအနှံနှင့် စားသောက်ကုန်များ (Mobile) စနစ်ဖြင့် လှည့်လည်ရောင်းခြင်း ပိုမိုကျယ်ပြန့်လာ



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကာလအတွင်း စျေးများယာယီပိတ်ထားသဖြင့် ကား၊ သုံးဘီးဆိုင်ကယ်၊ တွန်းလှည်းများဖြင့် လှည့်လည်ရောင်းချသည့် စျေးသည်များ ပိုမိုများပြားလာကြောင်း ညောင်ဦးမြို့ မဏိစည်သူစျေးတွင် စားသောက်ကုန်ရောင်းချသည့် မကြွယ်ကြွယ်က ပြောပြ၍သိရသည်။ “ကျမတို့က အရင် အလိုတော်ပြည့်ဘုရားမှာ ရောင်းတာ၊ တစ်ရက်ကို ငွေကျပ် (၂) သိန်းဖိုး လောက် ရောင်းရတယ်၊ အခု ကိုဗစ်-၁၉ ကြောင့် ဘုရားဖူးဧည့်သည် မလာတော့ မရောင်းရဘူးလေ၊ ဒါနဲ့ မြို့ပေါ်လှည့်လည်ပြီး ရောင်းနေတာ၊ ကျမတို့ရောင်းတာကလည်း ပုဂံရောက်အမှတ်တရ အင်္ကျီ၊ လုံချည်၊ ဦးထုပ် စသည်ဖြင့် ရောင်းတာဆိုတော့ ပြည်တွင်းပြည်ပဘုရားဖူးခရီးသွား ဧည့်သည်တွေဘဲ အများဆုံးရောင်းရတာ၊ ဒေသခံတွေလည်း ရောင်းတော့ရောင်းရပါတယ်၊ အခုဆိုရင် တစ်ရက်ငွေကျပ်ငါးသောင်းဖိုးလောက်တော့ ရောင်းရပါတယ်” ဟု ပုဂံရောက် အမှတ်တရပစ္စည်းများ ရောင်းချသူ မဝိုင်းဝိုင်းက ပြောပြသည်။

စိန်တစ်လုံးသရက်သီးများ ကားဖြင့်လှည့်လည်ရောင်းချသည့် ဒေါ်အေးရီက “ယခင်နှစ်ကလည်း ဒီမဏိစည်သူစျေးအနီးမှာဘဲ အမြဲရောင်းချဖြစ်တာပါ၊ ကျမတို့က အောင်မြေသာရပ်ကွက်မှာ ကိုယ်ပိုင်ခြံ နဲ့ စိန်တစ်လုံးသရက်ကို စိုက်ပျိုးတာ၊ ပိုးကိုက်၊ ရှဉ်ကိုက်၊ ငှက်ကိုက် နဲ့ ဆိုတော့ အလေအလွင့်တော ရှိတယ်၊ အလုပ်သမားခလည်းရှိတယ်လေ၊ တစ်ရက်ကို ခုနှစ်သောင်းရှစ်သောင်းဖိုးလောက် ရောင်းရ တယ်၊ အဆင်ပြေပါတယ်” ဟု ပြောပြသည်။ အရင်က Mobile စနစ်ဖြင့် လှည့်လည်ရောင်းချတာ ရေခဲမုန့်ဆိုင်၊ ထီဆိုင်တွေလောက်ပဲရှိတာ၊ အခုကတော့ အဝတ်အထည်တွေ၊ စားသောက်ကုန်တွေ၊ အသီးအနှံတွေ၊ စိုက်ပျိုးဖို့အတွက် ပျိုးပင်တွေ၊ စသည်ဖြင့် လှည့်လည်ရောင်းချနေသည့် Mobile ဆိုင်များကို များစွာတွေ့မြင်နေရကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဦးစန်းနိုင်ထံမှသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများမှ အရန်ဆန်ပေးသွင်းခြင်း၊ လက်ခံခြင်းနှင့် သိုလှောင်ထားရှိခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများမှ အရန်ဆန်ပေးသွင်းခြင်း၊ လက်ခံခြင်းနှင့်သိုလှောင်ထားရှိခြင်းဆိုင်ရာကိစ္စရပ်များနှင့် မိမိနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကို ရောင်းချခြင်းမျိုးမဖြစ်စေဘဲ ဈေးကွက်အသစ်များရရှိရေး စီမံဆောင်ရွက်မှုများနှင့်စပ်လျဥ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် လက်ရှိဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ အခြေအနေ ကြောင့် မြန်မာနိုင်ငံတွင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအပြင် ပြည်တွင်း ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် လည်း အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆန်စပါးသည် မြန်မာ နိုင်ငံ၏ အဓိကစားသုံးသီးနှံဖြစ်သည့်အပြင် လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှု မြှင့်တင်ရေးတွင်လည်း အလေးထား ဆောင်ရွက်ရမည့် လယ်ယာထွက်ကုန် ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်မီသော ဆန်စပါးများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း တွန်းအားပေး ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါ ကြောင်း၊ မကြာမီကျရောက်တော့မည့် စိုက်ပျိုးရာသီတွင် ဆန်စပါးအပါအဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကိုလည်း မထိခိုက်စေဘဲ စီးပွားရေး လုပ်ငန်းများကို တတ်နိုင်သမျှပြန်လည်ထူထောင်နိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှာ ကုန်သွယ်မှုလမ်းကြောင်းများ ဖွင့်လှစ်ထားပါက ကုန်သွယ်မှုနှင့်ပတ်သက်သည့် အကန့်အသတ်များကို မည်သို့ဖြေရှင်းဆောင်ရွက်မည်ကို စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် ကာလအတွင်းနှင့် Post COVID-19 ကာလများမှာလည်း မိမိနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကို ရောင်းချခြင်းမျိုးမဖြစ်စေဘဲ ဈေးကွက်သစ်များရရှိရေး စီမံဆောင်ရွက်ရန်လိုပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆန်ပြည်ပတင်ပို့သည့်ကုမ္ပဏီများမှ အရန်ဆန်ပေးသွင်းခြင်း၊ လက်ခံခြင်းနှင့် သိုလှောင်ထားရှိခြင်းဆိုင်ရာကိစ္စ ရပ်များနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီး ဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်းစသည်ဖြင့်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြ သူများမှ ကိုဗစ်-၁၉ ကာလအတွင်း အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါ က အရေးပေါ်ရိက္ခာဆန် ဝယ်ယူထားရှိ မှုအခြေအနေ၊ ပြည်ပဆန်တင်ပို့မှုမှ ၁၀ ရာခိုင်နှုန်းကို အရေးပေါ်ရိက္ခာ ပေးသွင်းမှုအခြေအနေ၊ အရေးပေါ်ရိက္ခာဆန် ဆက်လက်ဝယ်ယူမှုအခြေအနေ၊ အရေးပေါ်ရိက္ခာဆန်ဝယ်ယူမှုကြောင့် တောင်သူများအတွက် အကျိုး၏ရှိပြီး နိုင်ငံတော်အတွက်လည်း အကျိုးရှိမှုအခြေအနေများသာမက ပြည်တွင်း ၌ လက်ရှိကာလတွင် ဆန်လုံလောက်မှုရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ပြည်ပသို့ဆန်တင်ပို့သူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ရန်ကုန်တိုင်းအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတစ်ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုခွင့်ပြု

ရန်ကုန်တိုင်းအတွင်း ပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂ သန်းရှိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတစ်ခုနှင့် ကျပ်သန်း ၁၆၀၀ ကျော်ရှိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုတို့အားခွင့်ပြုခဲ့ကြောင်း ရန်ကုန်တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။ "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့အညီ ရန်ကုန်တိုင်း ဒေသကြီးအတွင်း ဆောင်ရွက်မယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုတို့ကို အတည်ပြုပေးခဲ့တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရဲ့

မတည်ငွေရင်း ပမာဏစုစုပေါင်းက အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂၀ သန်းနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရဲ့ မတည်ငွေရင်း ပမာဏစုစုပေါင်းက ၁,၆၀၄ သန်းဖြစ်ပါတယ်'' ဟု ရန်ကုန်တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ဦးမျိုးခိုင်ဦးက မြန်မာတိုင်းမ်သို့ပြောသည်။

အဆိုပါလုပ်ငန်းနှစ်ခုမှာ စက်မှုကဏ္ဍအတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ CNP စနစ်ဖြင့်အထည်ချုပ်လုပ်ငန်း ၊ ဆန်ဖြင့်ပြုလုပ်သည့်မုန့်မျိုးစုံ ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။ "ဒီလုပ်ငန်းတွေကနေ ၂,၉၉၆ ဦးအတွက် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်မှာဖြစ်ပါတယ်'' ဟု ဦးမျိုးခိုင်ဦးက ပြောသည်။ ရန်ကုန်တိုင်းအတွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများခွင့်ပြုခြင်းကို နှစ်ပတ်တစ်ကြိမ် အစည်းအဝေးများ၌ ခွင့်ပြုပေးလျက်ရှိပြီး COVID 19 ကာလများတွင်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများခွင့်ပြုမှုကို Video Conferencing စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/139686.html

## ယခု ဘဏ္ဍာနှစ် ခြောက်လအတွင်း ဆန်တန်ချိန် ရှစ်သိန်း ပြည်ပတင်ပို့ရန်လျာထားဟုဆို

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ရန် လျာထားခဲ့ရာ ယခုဘဏ္ဍာနှစ်အတွင်း မတ်လအထိ တင်ပို့ ပြီး ဆန်မှာ တန်ချိန် ၁ ဒသမ ၇ သန်းရှိခဲ့သောကြောင့် ဘဏ္ဍာနှစ်၏ ကျန် ခြောက်လ (ဧပြီ မှ စက်တင်ဘာ) အတွင်း ဆန်တန်ချိန် ရှစ်သိန်းခန့်အထိ တင်ပို့ရန်ခန့်မှန်းတွက်ချက်ထားကြောင်း စီး/ကူး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်ထောင်စုလွှတ်တော် ယနေ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။ “ဒါ့အပြင် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) က ပုဂ္ဂလိက ကုမ္ပဏီများနဲ့ စာချုပ်ချုပ်ထားတဲ့ ဆန်တန်ချိန်ကိုလည်း ထပ်မံ ခွင့်ပြုသွားမှာ ဖြစ်ပြီး စားနပ်ရိက္ခာလိုအပ်နေတဲ့ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများရဲ့ ဝယ်ယူလိုကြောင်း မေတ္တာရပ်ခံချက်များ ကိုလည်း နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်စေမှုကို ရှေ့ရှုပြီး တတ်နိုင်သလောက် ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်” ဟု ဒုတိယ ဝန်ကြီးက ပြောခဲ့သည်။

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ မူနှင့် အခြေခံ သဘော အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးသည့်အစီအစဉ်၌ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၏ အကြံပြုချက်များအား ပြန်လည်ဖြေကြားရာတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။ COVID–19 ကြောင့် ပြည်သူများ စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပြတ်လပ်မှုမရှိရေး၊ ဈေးနှုန်းမကြီးမြင့်ရေးဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက စီး/ကူး ဝန်ကြီး ဌာနကို တာဝန်ပေးအပ်ခဲ့ရာ “အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ” နှင့်အညီ ကုန်စည်ကန့်သတ်မှုများ စတင်ပြုလုပ် ခဲ့ကြောင်း၊ COVID–19 ရောဂါကြောင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့လျှင် မရှိမဖြစ်လိုအပ်မည့်ရိက္ခာကို ခွဲတမ်းစနစ်ဖြင့် ထောက်ပံ့ ပေးနိုင်ဖို့ စီစဉ်ခဲ့ကြောင်း၊ အရေးပေါ် အခြေအနေတွင် တစ်နိုင်ငံလုံးရှိ ပြည်သူများ အား ထောက်ပံ့ပေးနိုင်ဖို့ ရက်သတ္တ နှစ်ပတ်စာ ရိက္ခာကို ခန့်မှန်း တွက်ချက်ခဲ့ကြောင်း၊ အဆိုပါတွက်ချက်မှုအပေါ် အခြေခံပြီး အရေးပေါ်ရိက္ခာ ဆန်တန်ချိန် ငါးသောင်း အတွက် ငွေကျပ် ၂၃ ဘီလီယံ၊ စားအုန်းဆီ တန်ချိန် ၁၂၀၀၀ အတွက် ကျပ် ၁၅ ဘီလီယံဖိုးဝယ်ယူရန် စုစုပေါင်း ကျပ် ၃၈ ဘီလီယံကို ပြည်ထောင်စုအစိုးရကခွင့်ပြုခဲ့ကြောင်း၊ အရေးပေါ်ဆန်ရိက္ခာဝယ်ယူရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အကြိမ် များစွာ ဆွေးနွေးတိုင်ပင်ခဲ့ပြီး မြင်သာထင်သာရှိရေး၊ အားလုံးပါဝင်ရေး၊ လက်ဝါးကြီးအုပ်မှုမဖြစ်စေရေး၊ ဈေးကွက် နည်းလမ်းများအသုံးပြုရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံခြားသို့ ဆန်တင်ပို့မှုပမာဏ၏ ၁၀ ရာခိုင်နှုန်းအား ရိက္ခာဆန်ဖြည့်ဆည်းမှုအဖြစ် ပြန်လည်ရောင်းချပေးသည့်စနစ်ဖြင့်ဆောင်ရွက်ခဲ့ရာ ပင်လယ်ရေကြောင်းမှ ဆောင်ရွက်သည့်ကုမ္ပဏီ ၁၃ ခု၊ နယ်စပ်ကုန်သွယ်ရေးဖြင့်ဆောင်ရွက်သည့် ကုမ္ပဏီ ၂၃၄ ခုတို့ ပါဝင်ရောင်းချခဲ့ကြပြီး ၂၀၂၀ ခုနှစ် မေလ ၂၆ ရက်နေ့အထိ ကုမ္ပဏီ ၁၁၃ ခုတို့က ဆန်တန်ချိန် ၂၄၃၄၈ တန် လာရောက်ရောင်းချပြီးဖြစ်ကြောင်း၊ အရေးပေါ် ဆန်ဝယ်ယူရာတွင် ကုမ္ပဏီ အနည်းစုက လက်ဝါးကြီး အုပ်ချုပ်ကိုင်မှု မရှိပါကြောင်း၊ နိုင်ငံခြားသို့ ဆန်တင်ပို့မှုနှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏တွက်ချက်မှုအရ ယခုနှစ် မြန်မာနိုင်ငံက တင်ပို့နိုင်သည့်ပမာဏမှာ

ဆန်တန်ချိန်သုံးသန်းဖြစ်သည်ဟု သိရှိရကြောင်းလည်း ဒုတိယဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူသည့် ကြက်ဥ ကြက်သားများ ဈေးပိုရရှိ



သဘာဝအတိုင်း လွှတ်ကွင်းစနစ်ဖြင့် မွေးမြူထုတ်လုပ်သည့် ဒေသကြက်ဥ၊ ကြက်သားများ ဈေးပိုရရှိနေကြောင်း ဒေသကြက်မွေးမြူထုတ်လုပ်နေသူများကပြောသည်။ သဘာဝအတိုင်း လွှတ်ကွင်းနဲ့မွေးမြူထားတဲ့ ဥစားကြက်ဥတစ်လုံးကို ၃၀၀ ကျပ်အထိ ဈေးနှုန်းပေးဝယ်ယူနေပါတယ်။ လွှတ်ကွင်းနဲ့မွေးမြူထားတဲ့ ဒေသကြက် အသား၊ ခေါင်း၊ ခြေ၊ ကလီစာမပါ တစ်ပိဿာ ကို ၁၂၀၀၀ ကျပ် ဈေးနဲ့ဝယ်ယူဖို့ လာရောက်ကမ်းလှမ်းထားတာလည်း ရှိနေပါတယ်ဟု ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်ရှိ မြန်မာ့အားမာန်ရှင် ဒေသကြက်မွေးမြူထုတ်လုပ်ရေးမှ ဦးဝင်းနိုင်ကပြောသည်။

လက်ရှိဈေးကွက်တွင် ခြံလှောင်မွေးမြူထားသည့် ကြက်ဥတစ်လုံးလျှင် ကျပ် (၁၀၀) ဝန်းကျင် ဈေးနှုန်းဖြင့် ပုံမှန်ရောင်းဝယ်ဖောက်ကားနေကြသည်။ လွှတ်ကွင်းနဲ့ မွေးမြူလိုက်မယ်ဆိုရင် ကြက်ဥ၊ ကြက်သားဈေး ပိုမြင့်လာစေမှာပါ။ ခြံတည်ထောင်လိုတဲ့သူတွေအတွက် လိုအပ်တဲ့ မွေးမြူရေးနည်းစနစ်လေးတွေလည်း မျှဝေပေးသွားမှာပါဟု ၎င်းကဆက်လက်ပြောသည်။

**Source:** https://greenwaymyanmar.com/posts/get_high_price_of_pasture_chicken

## ဂျပန်နိုင်ငံတွင် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခွင့်ပြုရန်ပြင်ဆင်နေ

ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကြောင့်ချမှတ်ခဲ့သည့် နိုင်ငံတစ်ဝှမ်း အရေးပေါ်အခြေအနေကြေညာချက်ကို မေလ ၂၅ ရက်နေ့တွင် ပြန်လည်ရုပ်သိမ်းပြီးနောက် လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများကို အဆင့်လိုက် ပြန်လည် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသွားရန် ဂျပန်အစိုးရက စီစဉ်နေပါသည်။ ဂျပန်၏ ခရိုင် ၄၇ ခုတွင် နောက်ဆုံးကျန်ရှိနေသည့် ခရိုင် ၅ ခုကို အရေးပေါ်အခြေအနေကြေညာချက်ကိုရုပ်သိမ်းကြောင်း ဝန်ကြီးချုပ်ရှင်ဇိုးအာဘေးက မေလ ၂၅ ရက် (တနင်္လာနေ့) ၌ ကြေငြာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ကိုရိုနာဗိုင်းရပ်စ်လွှမ်းမိုးနေသည့် ခေတ်ကာလတွင် ဂျပန်နိုင်ငံ၏ လူနေမှုပုံစံသစ်ကို ဖန်တီးထူထောင်သွားမည်ဖြစ်ကြောင်း မစ္စတာအာဘေးက ပြောကြားခဲ့ပါသည်။ ထို့အပြင် အရေးပေါ်ကြေညာချက်ကို ရုပ်သိမ်းလိုက်သော်လည်း ကူးစက်မှုဖြစ်နိုင်သည့် အန္တရာယ်ကို သုညအဆင့်အထိ ဖြစ်သွားရန် လျှော့ချနိုင်မည် မဟုတ်ပါကြောင်းဟုလည်း ဝန်ကြီးချုပ်က မှတ်ချက်ပြု ပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ဒေသတစ်ခုချင်းစီတွင် ရောဂါကူးစက်မှု အတိုင်းအတာနှင့် ရောဂါပြန့်နှံ့မှု အန္တရာယ်ဖြစ်နိုင်ခြေ ရှိမှုများကို အကဲဖြတ်လျှက် ခန့်မှန်းခြေအားဖြင့် သီတင်း ၃ ပတ်ခန့် ခြားပြီး ကန့်သတ်တားမြစ်ချက်များအား ဆက်လက်ဖြေလျှော့သွားရန် ပြင်ဆင်နေကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ဂီတဖျော်ဖြေပွဲများနှင့် ပြပွဲများနှင့်ပတ်သက်၍ တက်ရောက်သူ အရေအတွက်ကို ကန့်သတ်သတ်မှတ်ပြီးမှသာ ကျင်းပဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ ကန့်သတ်ချက်များကို အဆင့်လိုက်ဖြေလျှော့သွားမည်ဖြစ်ပါကြောင်း၊ အားကစားပွဲများကို ဇွန်လ ၁၉ ရက်နေ့က စတင်ကျင်းပရန်ခွင့်ပြုသွားမည်ဖြစ်ပြီး ပွဲကြည့်ပရိသတ် အရေအတွက်ကိုလည်း တဖြည်းဖြည်းတိုးမြှင့် ခွင့်ပြုသွားမည် ဖြစ်ပါကြောင်း၊ မည်သည့်ပမာဏအမျိုးအစားရှိ အားကစားပွဲမျိုးကိုမဆို ဩဂုတ်လ ၁ ရက်နေ့ကစ၍ ပြန်လည်ကျင်းပခွင့်ပြုသွားရန် ဂျပန်အစိုးရက စီစဉ်နေကြောင်းသိရပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

# STOCK EXCHANGE (28.5.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 28th May. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 10,500 | 3,818 | 40,295,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,750 | 10,063 | 37,777,400 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 54 | 437,400 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,500 | 23,500 | 23,000 | 207 | 4,814,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,750 | -100 | -3.51% | 2,850 | 2,850 | 2,750 | 1,523 | 4,263,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +400 | +17.39 | 2,700 | 2,750 | 2,700 | 31,196 | 84,763,000 | 19,977,223 | 53,939 |

Activate Windows
Go to Settings to activate

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 454.64 | -2.59 | -0.57% | 456.47 | 456.47 | 443.78 | 46,861 | 172,351,300 | 6 | 676,479 |

### Index chart




Activate Windows
Go to Settings to activa

## Market Overview

As of 10:30 am, 28th May. 2020

| MYANPIX | 445.15 ▼ 12.08 |
|---|---|
| Total Volume (shares) | 17,793 |
| Total Value (MMK) | 60 mil |
| Listed Company | 6 |
| Market Cap. (MMK) | 663,494 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,100 | ▼ 100 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 400 |